# ADA နှင့် Child Welfare (ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး) နှင့်ဆိုင်သော မသန်စွမ်းမှုဆိုင်ရာ အခွင့်အရေးများ၏ သက်ရောက်မှုကို နားလည်ခြင်း



## အဓိပ္ပါယ်သတ်မှတ်ချက်များ

**ADA:** Americans with Disabilities Act (မသန်စွမ်းသော အမေရိကန်လူမျိုးများဆိုင်ရာ အက်ဥပဒေ)

**အပေါင်းအဖော်-** ၎င်းက ခေါင်းစဉ် II နှင့် အပိုင်း 504 နှင့် ဆက်စပ်နေသည့်အတိုင်း။ child welfare (ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး) ဝန်ဆောင်မှုများကို ရှာဖွေ သို့မဟုတ် ရယူနေသူ၏ မိသားစုဝင်၊ မိတ်ဆွေ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်တို့ ပါဝင်နိုင်ပါသည်။

**DCYF:** Department of Children, Youth, and Families (ကလေးများ၊ လူငယ်များနှင့် မိသားစုများဌာန)

**မသန်စွမ်းမှု-** ADA ကိုရော အပိုင်း 504 ကိုပါ အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ- "တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် အဓိကကျသော အသက်ရှင်နေထိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများကို အများအပြားကန့်သတ်ထားသော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု"။ အဓိကကျသော အသက်ရှင်နေထိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများတွင် ကိုယ့်ကိုယ်ကို ဂရုစိုက်ခြင်း၊ လူကိုယ်တိုင်လုပ်ရသော အလုပ်များကို လုပ်ဆောင်ခြင်း၊ အသက်ရှူခြင်း၊ စကားပြောခြင်း၊ လမ်းလျှောက်ခြင်း၊ စာဖတ်ခြင်း၊ သင်ယူလေ့လာခြင်း၊ အာရုံစူးစိုက်ခြင်း၊ ကြည့်မြင်ခြင်း၊ ကြားသိခြင်း၊ စားသောက်ခြင်း၊ အိပ်စက်ခြင်း သို့မဟုတ် အလုပ်လုပ်ကိုင်ခြင်းကဲ့သို့သော အရာများ ပါဝင်ပါသည်။ အဓိကကျသော အသက်ရှင်နေထိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများတွင် ကိုယ်ခံအားစနစ်၏ လုပ်ဆောင်ချက်များ၊ အစာခြေခြင်း၊ ဆီးဝမ်းစွန့်ခြင်း သို့မဟုတ် ကျောက်ကပ်ဆိုင်ရာ၊ အာရုံကြောဆိုင်ရာ၊ ဦးနှောက်ဆိုင်ရာ သို့မဟုတ် မျိုးပွားစနစ် လုပ်ဆောင်ချက်များကဲ့သို့သော အရာများ အပါအဝင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။

**အပိုင်း 504-** ပြန်လည်ထူထောင်ရေး အက်ဥပဒေ 1973 ၏ အပိုင်း 504 သည် လူတစ်ဦးချင်းစီအား မသန်စွမ်းမှုပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ပေးသည့် ဖက်ဒရယ် ဥပဒေ ဖြစ်ပါသည်။ အပိုင်း 504 တွင် မသန်စွမ်းမှုရှိနေသည့် အရည်အချင်းမီသောလူများအား ဖက်ဒရယ် ငွေကြေးထောက်ပံ့မှုကို လက်ခံရရှိထားသော မည်သည့်အဖွဲ့အစည်းမဆို၏ ဝန်ဆောင်မှုများ၊ ပရိုဂရမ်များ သို့မဟုတ် လုပ်ဆောင်ချက်များ၏ အကျိုးခံစားခွင့်များတွင် ပါဝင်ခြင်းမှ ဖယ်ချန်ထားခြင်း သို့မဟုတ် ငြင်းဆိုခြင်းမျိုး မရှိရပါ။

**ခေါင်းစဉ် II-** ADA ၏ ခေါင်းစဉ် II သည် မသန်စွမ်းမှုရှိနေသည့် အရည်အချင်းမီသော လူများကို အများပြည်သူဆိုင်ရာ အဖွဲ့အစည်း၏ ဝန်ဆောင်မှုများ၊ ပရိုဂရမ်များ သို့မဟုတ် လုပ်ဆောင်ချက်များ၏ အကျိုးခံစားခွင့်များတွင် ပါဝင်ခြင်းမှ ဖယ်ချန်ထားခြင်း သို့မဟုတ် ငြင်းဆိုခြင်း သို့မဟုတ် ထိုအဖွဲ့အစည်းက ခွဲခြားဆက်ဆံခြင်းအား တားမြစ်ထားပါသည်။ ခေါင်းစဉ် II တွင် child welfare (ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး) အေဂျင်စီများနှင့် တရားရုံးစနစ်များ ပါဝင်ပါသည်။

## တာဝန်

- အေဂျင်စီနှင့် ၎င်း၏ဝန်ထမ်းများသည် DCYF နှင့် ချိတ်ဆက်ဆောင်ရွက်သည့် မသန်စွမ်းမှုရှိနေသော မိဘများနှင့် ကလေးများအတွက် ဝန်ဆောင်မှုများက အသုံးပြု၍ရကြောင်း သေချာအောင်လုပ်ရန် လိုအပ်ပါသည်။
- ပါဝင်သူများက ၎င်းတို့ထံမှ အကျိုးကျေးဇူးရရှိနိုင်ကြောင်း သေချာစေရန် ဝန်ဆောင်မှုများနှင့် ပရိုဂရမ်များအား ပြုပြင်မွမ်းမံပါမည်။
- ပရိုဂရမ်များသည် မသန်စွမ်းမှုရှိနေသူများအား အဖွဲ့အစည်း၏ ပရိုဂရမ်များ၊ ဝန်ဆောင်မှုများ၊ နှင့် လုပ်ဆောင်ချက်များတွင် ပါဝင်ရန်၊ ၎င်းတို့ထံမှ အကျိုးကျေးဇူး ရရှိရန် သာတူညီမျှ အခွင့်အရေး ပေးရပါမည်။
- ခွဲခြားဆက်ဆံမှုကို ရှောင်ကြဉ်ရန် လိုအပ်လာသည့်အခါ ပရိုဂရမ်များသည် မူဝါဒများ၊ ကျင့်ထုံးများနှင့် လုပ်ငန်းစဉ်များတွင် ကျိုးကြောင်းဆီလျော်သော ပြုပြင်မွမ်းမံမှုများကို လုပ်ဆောင်ရပါမည်။
- DCYF နှင့် ၎င်း၏ဝန်ထမ်းများသည် အရန်အကူအညီများနှင့် ဝန်ဆောင်မှုများ ပြဋ္ဌာန်းချက်မှတစ်ဆင့် လျှောက်ထားသူများ၊ ပါဝင်သူများ၊ အများပြည်သူဆိုင်ရာ အဖွဲ့ဝင်များနှင့် မသန်စွမ်းမှုရှိနေသူများနှင့် ဆက်သွယ်ပြောဆိုမှုများက ထိရောက်မှုရှိကြောင်း သေချာစေရန် သင့်လျော်သောအဆင့်များကို လုပ်ဆောင်ပါလိမ့်မည်။

DCYF နှင့် ၎င်း၏ဝန်ထမ်းများသည် လူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုပေါ်တွင် အခြေခံသော ယူဆချက်မျိုး ကင်းလွတ်သည့် တစ်ဦးချင်းအလိုက် ကိစ္စရပ် ဝန်ဆောင်မှု အစီအစဉ်ဆွဲခြင်းကို ဆောင်ရွက်ပေးရမည့်တာဝန် ရှိပါသည်။ အေဂျင်စီသည် Washington ၏ children, youth, and families (ကလေးများ၊ လူငယ်များနှင့် မိသားစုများဌာန) တွင် DCYF ၏ ပရိုဂရမ်များနှင့် ဝန်ဆောင်မှုများကို ဝင်သုံးနိုင်သည့် သာတူညီမျှ အခွင့်အရေး အပြည့်အဝရှိကြောင်း သေချာစေရန် တာဝန်ရှိပါသည်။

ADA လိုက်လျောမှုများနှင့်စပ်လျဉ်းသည့် ထပ်ဆောင်းအချက်အလက်များအတွက်၊ ADA ညှိနှိုင်းရေးမှူးထ 360-480-7230 သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် **dcyf.adaaccessibility@dcyf.wa.gov** သို့ အီးမေးလ်ပို့ပါ။

## ADA ၏ ခေါင်းစဉ် II နှင့် အပိုင်း 504 အောက်ရှိ အခြေခံကျသောစည်းမျဉ်းများ

### တစ်ဦးချင်းအလိုက် ကုသမှု။

မသန်စွမ်းမှုရှိနေသူများအား အချက်အလက်များနှင့် ရည်မှန်းချက် အထောက်အထားတို့နှင့် ကိုက်ညီသော ကိစ္စရပ်အလိုက် အခြေခံမှုအရ ဆက်ဆံရပါမည်။ ဥပမာ၊ မသန်စွမ်းမှုရှိသူများက ဘေးကင်းစွာဖြင့် အုပ်ထိန်းစောင့်ရှောက်မှု မလုပ်နိုင်ကြောင်း တစ်ဦးချင်းအကဲဖြတ်မှုဖြင့် ထောက်ကူမထားသည့် သမားရိုးကျယုံကြည်မှုပေါ်တွင် အခြေခံကာ မသန်စွမ်းမှုရှိနေသည့် မိဘထံမှ ကလေးများကို ဖယ်ရှားလိုက်ခြင်းအား တားမြစ်ထားပါသည်။ တစ်ဦးချင်းအလိုက် ကုသမှုကို 2021 Washington Supreme Court Decision (Washington တရားလွှတ်တော်ချုပ် ဆုံးဖြတ်ချက်) M.A.S.C ဖြင့် အသားပေးဖော်ပြထားပါသည်။

**ဥပမာ-** ဘေးကင်းရေးဆိုင်ရာ ခြိမ်းခြောက်မှုများအကြောင်း ဆွေးနွေးသည့်အခါ၊ ဆွေးနွေးပြောဆိုမှုအား မိဘ၏ အပြုအမူများ နှင့်/သို့မဟုတ် လုပ်ရပ်များပေါ်တွင် အာရုံစိုက်ထားသင့်ပါသည်။ ရှိသည်ဆိုရုံမျှဖြစ်သော မသန်စွမ်းမှုကို ဖော်ပြထားခြင်း မရှိသင့်ပါ သို့မဟုတ် ဘေးကင်းရေးဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ခြင်းမပြုသင့်ပါ။

## ADA ၏ ခေါင်းစဉ် II နှင့် အပိုင်း 504 အောက်ရှိ အခြေခံကျသောစည်းမျဉ်းများ (အဆက်)

### အပြည့်အဝဖြစ်သော သာတူညီမျှ အခွင့်အရေး။

မသန်စွမ်းမှုရှိနေသူများအား မသန်စွမ်းမှုမရှိသူများထံ ထပ်တိုးပေးထားသည့်အတိုင်း တူညီသော child welfare (ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး) ပရိုဂရမ်များ၊ ဝန်ဆောင်မှုများ နှင့် လုပ်ဆောင်ချက်များထံမှ အကျိုးခံစားခွင့်ရရှိနိုင်သည့် သို့မဟုတ် ပါဝင်နိုင်သည့် တူညီသော အခွင့်အရေးများ ဖြည့်ဆည်းပေးရမည်။ အပြည့်အဝဖြစ်သော သာတူညီမျှအခွင့်အရေးကို ဖြည့်ဆည်းပေးခြင်းဖြင့်၊ child welfare (ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး အေဂျင်စီ) သည် ကျိုးကြောင်းဆီလျော်သော ပြုပြင်မွမ်းမံမှုများကို ပြုလုပ်ကာ ထိရောက်မှုရှိသော ဆက်သွယ်ပြောဆိုမှုကို သေချာအောင် လုပ်ရပါမည်။

### a. ကျိုးကြောင်းဆီလျော်သော ပြုပြင်မွမ်းမံမှု

ကျိုးကြောင်းဆီလျော်သော ပြုပြင်မွမ်းမံမှု ဖြည့်ဆည်းပေးခြင်းသည် DCYF အား တူညီသောရလဒ်ကို ရရှိရန် သို့မဟုတ် တူညီသော အကျိုးခံစားခွင့်ကို ရရှိရန် သာတူညီမျှအခွင့်အရေးဖြစ်ကြောင်း သေချာစေရန် လိုအပ်သည့်အခါ အခြားမိဘများထံ ပေးထားသည်များနှင့် မတူညီသော တိုးမြှင့်ထားသည့်၊ ထပ်ဆောင်းဖြစ်သော သို့မဟုတ် ဖြည့်စွက် အကူအညီများ၊ အကျိုးခံစားခွင့်များနှင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန် သတ်မှတ်ထားပါသည်။ 2021 Washington M.A.S.C ဆုံးဖြတ်ချက်သည် အသိဉာဏ်ပိုင်းဆိုင်ရာ/ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ မသန်စွမ်းမှုများ သို့မဟုတ် အခြားသော ဆင်တူသည့် အာရုံကြောဆိုင်ရာအခြေအနေများ ရှိနေသည့် မိဘများအတွက် ကျိုးကြောင်းဆီလျော်သော ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခြင်း၏ အရေးကြီးပုံကို အသားပေးဖော်ပြထားပါသည်။

**ဥပမာ 1-** အုပ်ထိန်းစောင့်ရှောက်ရေး သင်တန်းများကို ပေးထားပြီး intellectual disability (အသိဉာဏ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု)ရှိနေသည့် မိဘသည် မတူညီသော ညွှန်ကြားပြသမှုနည်းလမ်း သို့မဟုတ် ထပ်လုပ်ခြင်းနှင့် လေ့ကျင့်ခြင်းအတွက် ပိုများသော ညွှန်ကြားပြသသည့်အချိန်ကို လိုအပ်ပါက၊ အေဂျင်စီသည် ADA အောက်တွင် ကျိုးကြောင်းဆီလျော်သော ပြုပြင်မွမ်းမံမှုအဖြစ် မိဘကလိုအပ်သော ထပ်ဆောင်းအချိန် နှင့်/သို့မဟုတ် သင်ကြားပြသမှုနည်းလမ်းကို ထိုမိဘအား ဖြည့်ဆည်းပေးသင့်ပါသည်။

**ဥပမာ 2-** အသိဉာဏ်ပိုင်းဆိုင်ရာ/ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ မသန်စွမ်းမှုများအပါအဝင် စိတ်ဒဏ်ရာရထားသော ဦးနှောက်ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် အခြားသော အာရုံကြောအခြေအနေများရှိနေသည့် မိဘတစ်ဦးသည် တစ်ဦးချင်းအစီအစဉ်၊ စောင့်ကြည့်လေ့လာခြင်းနှင့် ၎င်းတို့၏ ရည်မှန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင် အကူအညီပေးသည့် လိုအပ်နေသော သက်ရောက်မှုရှိသည့် သိမြင်နားလည်မှု လုပ်ငန်းစဉ်များ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များ ရှိနေနိုင်ပါသည်။ များသောအားဖြင့် အဆိုပါစွမ်းရည်များ သို့မဟုတ် လုပ်ငန်းစဉ်များကို ဆုံးဖြတ်ဆောင်ရွက်ရေး လုပ်ဆောင်ချက်များအဖြစ် ရည်ညွှန်းလေ့ရှိပြီး အာရုံစိုက်ခြင်းဆိုင်ရာ ထိန်းချုပ်မှု၊ အလုပ်လုပ်ကိုင်ခြင်း မှတ်ဉာဏ်၊ တားမြစ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း ကဲ့သို့သော အရာများ ပါဝင်ပါသည်။ ဆုံးဖြတ်ဆောင်ရွက်ရေး လုပ်ဆောင်ချက်ပိုင်းတွင် လိုအပ်ချက်များကို တွေ့ကြုံခံစားနေရသူအချို့သည် နားလည်သဘောပေါက်ရာတွင် အကူအညီ ဖြစ်ရန် အစည်းအဝေးများနှင့် ကြားနာမှုများအတောအတွင်း မှတ်စုရေးသူ သို့မဟုတ် လက်တွေ့အချိန်အတိုင်း စာသားမှတ်ခြင်းကို လိုအပ်နိုင်ပါသည်။ ထိုသို့သောဝန်ဆောင်မှု၏ ပြဋ္ဌာန်းချက်ကို ကျိုးကြောင်းဆီလျော်သော ပြုပြင်မွမ်းမံမှုအဖြစ်နှင့် ADA အောက်တွင် ထိရောက်သော ဆက်သွယ်ပြောဆိုမှုကို ဖြည့်ဆည်းပေးခြင်းအဖြစ် ရှုမြင်ပါလိမ့်မည်။

### b. ထိရောက်သော ဆက်သွယ်ပြောဆိုမှု

သိမြင်နားလည်မှုဆိုင်ရာ မသန်စွမ်းမှုရှိနေသော မိဘများသည် ပေးထားသည့် ဝန်ဆောင်မှုများကို နားလည်ကြောင်း သေချာစေရန DCYF သည် ADA အောက်တွင် ထိရောက်သော ဆက်သွယ်ပြောဆိုမှုကို ဖြည့်ဆည်းပေးရပါမည်။

ဆက်သွယ်ပြောဆိုမှုနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ မသန်စွမ်းမှုရှိနေသူများက ပြောလိုက်သည့် သို့မဟုတ် ရေးထားသည့်အရာကို နားလည်သဘောပေါက်ကာ မသန်စွမ်းမှုမရှိသူများကဲ့သို့ပင် ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်ကြောင်း သေချာစေရန် ခြေဟန်လက်ဟန်ဘာသာစကား စကားပြန်များ၊ မှတ်စုရေးသူများ၊ သဘောပေါက်နားလည်လွယ်သော ဘာသာစကားနှင့် အခြားအရာများကဲ့သို့သော အကူအညီများနှင့် ဝန်ဆောင်မှုများ၏ ပြဋ္ဌာန်းချက်အပါအဝင် — သင့်လျော်သောအဆင့်များအား လုပ်ဆောင်ရပါမည်။ child welfare (ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး) အေဂျင်စီများသည် လူတစ်ဦးချင်းက တောင်းဆိုထားသည့် အကူအညီ သို့မဟုတ် ဝန်ဆောင်မှုကို အခြေခံကာ ထည့်သွင်းစဉ်းစားပေးရပါမည်။ အချို့လူများသည် ဆက်သွယ်ပြောဆိုသည့်အရာကို နားလည်သဘောပေါက်ရာတွင် ၎င်းတို့ကို ကူညီပေးရန် ဖြည့်ဆည်းပေးနိုင်သည့် အကူအညီ သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားများကို မသိနိုင်ပါ။ ထိရောက်သော ဆက်သွယ်ပြောဆိုမှုကို သေချာစေရန်အတွက် မည်သည့် အကူအညီ သို့မဟုတ် ဝန်ဆောင်မှုကို ဖြည့်ဆည်းပေးရမလဲဆိုသည့် မေးခွန်းများ ထွက်ပေါ်လာပါက၊ DCYF ၏ ADA ညှိနှိုင်းရေးမှူးထံ ဆက်သွယ်ပါ။

အကူအညီများနှင့် ဝန်ဆောင်မှုများ၏ ဥပမာများတွင် အရည်အချင်းမီ စကားပြန်များ၊ မှတ်စုရေးသူများ၊ လက်တွေ့အချိန်အတိုင်း စာသားမှတ်ခြင်း၊ အသုံးပြုနိုင်သော အီလက်ထရွန်နစ်နှင့် သတင်းအချက်အလက် နည်းပညာ၊ ရေးသားထားသောအရာများနှင့် အကူအညီပေးသော နားထောင်ခြင်း စက်ပစ္စည်းများ သို့မဟုတ် စနစ်များ၊ အော်ဒီယို ရီကောဒင်းများ၊ မျက်မမြင်စာများ၊ စာလုံးကြီးစာများ၊ စသည်တို့ ပါဝင်ပါသည်။

ထိရောက်သော ဆက်သွယ်ပြောဆိုမှု ပြဋ္ဌာန်းချက်သည် ဆက်တင်၊ ပါဝင်သည့် လူအရေအတွက်နှင့် ဆွေးနွေးမှုခေါင်းစဉ်တို့ပေါ်တွင် မူတည်ကာ ပြောင်းလဲနိုင်ပါသည်။ အကူအညီ သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားသည် မသန်စွမ်းမှုရှိနေသူက အသုံးပြုသည့် ဆက်သွယ်ပြောဆိုမှု နည်းလမ်း၊ ပါဝင်သော ဆက်သွယ်ပြောဆိုမှု၏ သဘောသဘာဝ၊ ကြာချိန်နှင့် ရှုပ်ထွေးမှု၊ ဆက်သွယ်ပြောဆို လုပ်ဆောင်နေသည့် အကြောင်းအရာတို့နှင့်အညီ ကွဲပြားပါလိမ့်မည်။

**ဥပမာ 1-** D/နားမကြားသူ မိဘတစ်ဦး ပါဝင်နေသည့် ကိစ္စရပ်အစည်းအဝေးအတွက်၊ လူကိုယ်တိုင်ဖြစ်သော ခြေဟန်လက်ဟန်ဘာသာစကား စကားပြန်ကို ပေးထားခြင်းအား လိုအပ်နိုင်ပါသည်။ ချိန်းဆိုမှုရက်စွဲ သို့မဟုတ် လိပ်စာကဲ့သို့သော ရိုးရှင်းသည့်အမှာစကားအတွက်၊ လက်ရေးမှတ်စု သို့မဟုတ် စာသားက လုံလောက်နိုင်ပါသည်။

*မှတ်ချက်- လက်ရေးမှတ်စုများမှတစ်ဆင့် ဆက်သွယ်ပြောဆိုခြင်းအား အလွန်ရိုးရှင်းသော စကားပြောဆိုမှုများအတွက် အသုံးပြုနိုင်ပါသည်။ ခြေဟန်လက်ဟန်ဘာသာစကားသည် ထင်ရှားကွဲပြားသော ဘာသာစကားတစ်ခု ဖြစ်ပါသည်၊ ၎င်းသည် အင်္ဂလိပ်ဘာသာမဟုတ်ပါ၊ ထို့ကြောင့် ခြေဟန်လက်ဟန်ဘာသာစကား ပြောဆိုသူများသည် ရေးသားထားသော အင်္ဂလိပ်စာကို နားလည်သဘောပေါက်ရန် ကွဲပြားသောစွမ်းရည်များ ရှိပါလိမ့်မည်။*

**ဥပမာ 2-** မှတ်စုရေးသူ ပြဋ္ဌာန်းချက်သည် ကိစ္စရပ်လုပ်သားနှင့် မိဘကြားရှိ တွေ့ဆုံမှုများအတွက် လုံလောက်နိုင်သော်လည်း၊ မိသားစု အဖွဲ့လိုက် ဆုံးဖြတ်ချက် အစည်းအဝေးများ၊ မျှဝေစီစဉ်ခြင်း အစည်းအဝေးများ၊ စသည်တို့ကဲ့သို့သော ပိုမိုရှုပ်ထွေးသည့် အစည်းအဝေးများသည် လက်တွေ့အချိန်အတိုင်း စာသားမှတ်ခြင်းကို လိုအပ်နိုင်ပါသည်။

သင်သည် ထိရောက်သော ဆက်သွယ်ပြောဆိုမှုဖြစ်ကြောင်း သေချာစေရန် ကျိုးကြောင်းဆီလျော်သော ပြုပြင်မွမ်းမံမှု(များ) သို့မဟုတ် အရန်အကူအညီများ သို့မဟုတ် ဝန်ဆောင်မှုများကို လိုအပ်နိုင်သည့် မသန်စွမ်းမှုရှိနေသူပါဝင်သော ကိစ္စရပ်မျိုး ရှိနေသည်ဟု ယုံကြည်ပါက၊ DCYF ၏ ADA ညှိနှိုင်းရေးမှူးထ 360-480-7230 သို့ ဆက်သွယ်ပါ သို့မဟုတ် **dcyf.adaaccessibility@dcyf.wa.gov** သို့ အီးမေးလ်ပို့ပါ။

---

*DCYF သည် ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမျိုး၊ အသားအရောင်၊ ကျား-မ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာအယူဝါဒ၊ အိမ်ထောင်ရေးအခြေအနေ၊ မူလနိုင်ငံသား၊ နိုင်ငံသားဖြစ်မှု သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှု ဖော်ပြချက်၊ အသက်၊ လိင်စိတ်တိမ်းညွှတ်မှု သို့မဟုတ် ကျား-မ အထောက်အထား၊ စစ်မှုထမ်းဟောင်း သို့မဟုတ် စစ်ဘက်ဆိုင်ရာ ဖော်ပြချက်၊ နို့ချိုတိုက်ကျွေးနေသောမိခင်ကဲ့သို့သော ဖော်ပြချက်၊ နှင့် ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံစားမှုပိုင်းဆိုင်ရာ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု ရှိနေခြင်း သို့မဟုတ် လမ်းပြခွေး သို့မဟုတ် အကူအညီပေးသည့်တိရစ္ဆာန်ကို အသုံးပြုနေမှုတို့ကို ထည့်မတွက်ဘဲ လူအားလုံးအတွက် ၎င်း၏ ပရိုဂရမ်များနှင့် ဝန်ဆောင်မှုများကို သာတူညီမျှ အသုံးပြုခွင့်ပေးပါသည်။ သင်သည် ဤထုတ်ဝေမှု၏ အခမဲ့မိတ္တူများကို အခြားပုံစံ သို့မဟုတ် ဘာသာစကားဖြင့် ရယူလိုပါက၊ DCYF Constituent Relations (DCYF ကလေးသူငယ်ရေးရာ ဆက်ဆံရေးရုံး) ထံ 1-800-723-4831 သို့ ဆက်သွယ်ပါ သို့မဟုတ* ***communications@dcyf.wa.gov*** *သို့ အီးမေးလ်ပို့ပါ။*